## ဒီဇယ်ဆီ တင်သွင်းမှုအပေါ် ဝင်ငွေခွန် ၂ ရာခိုင်နှုန်း ကင်းလွတ်ခွင့်ပြုသွားမည်

### အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အရှေ့အလယ်ပိုင်းဒေသပဋိပက္ခများကြောင့် ကမ္ဘာ့စက်သုံးဆီစျေးနှုန်း မြင့်တက်နေချိန်တွင် ပြည်တွင်းရှိ စက်သုံးဆီစျေးနှုန်းများလည်း တပြည်းပြည်းမြင့်တက်လျက်ရှိရာ စက်သုံးဆီ (ဒီဇယ်ဆီ) အသုံးပြုမောင်းနှင်ရသည့် မော်တော်ယာဉ်များဖြင့် သယ်ဆောင်အသုံးပြုလျက်ရှိသည့် အခြေခံစားသောက်ကုန်၊ ကုန်စည်စျေးနှုန်းများကို ထိန်းညှိပေးရန် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ကုန်ပစ္စည်းသယ်ယူပို့ဆောင်မှုတွင် အများဆုံးအဓိကအသုံးပြုလျက်ရှိသည့် ဒီဇယ်ဆီ HSD (500 ppm) စျေးနှုန်းတည်ငြိမ်လျော့ကျစေရေး ဆောင်ရွက်ပေးခြင်းဖြင့် ကုန်စျေးနှုန်းတည်ငြိမ်လျော့ကျစေနိုင်မည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုန်စျေးနှုန်းတည်ငြိမ်လျော့ကျစေရေးအတွက် ဒီဇယ်ဆီ HSD (500 ppm) တင်သွင်းမှုအပေါ် ကောက်ခံသော အကောက်ခွန်၊ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ကြိုတင်ကောက်ခံသည့် ဝင်ငွေခွန် (၂ ရာခိုင်နှုန်း) တို့ကို ၁-၄-၂၀၂၆ ရက်နေ့မှ ၃၀-၄-၂၀၂၆ ရက်နေ့အထိ ကင်းလွတ်ခွင့်ပြုသွားမည်ဖြစ်ပါသည်။

၄။ အဆိုပါ အခွန်ကင်းလွတ်ခွင့်သည် ဖော်ပြပါကာလအတွင်း အကောက်ခွန်ဦးစီးဌာနသို့ Import Declaration (ID) ဖွင့်လှစ်၍ တင်သွင်းသည့် ဒီဇယ်ဆီ HSD (500 ppm) များအတွက်သာ အကျုံးဝင်မည်ဖြစ်ပါကြောင်း ထုတ်ပြန်အပ်ပါသည်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

## စတ်မြေဩဇာများ တင်သွင်းမှုအပေါ် ကောက်ခံသည့် ကြိုတင်ဝင်ငွေခွန် ၂ ရာခိုင်နှုန်း ကင်းလွတ်ခွင့်ပြုမည်

### အများပြည်သူသို့ အသိပေးကြေညာချက်

၁။ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအခြေခံကဏ္ဍဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် တောင်သူလယ်သမားများ၏ ကုန်ထုတ်လုပ်မှုစရိတ်များ လျော့ကျစေရန်အတွက် ဓာတ်မြေဩဇာများ တင်သွင်းမှုအပေါ် ကောက်ခံသည့် ကြိုတင်ဝင်ငွေခွန် ၂ ရာခိုင်နှုန်းကို ၁-၄-၂၀၂၆ ရက်နေ့မှ ၃၀-၄-၂၀၂၆ ရက်နေ့အထိ ကင်းလွတ်ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၂။ ယင်းအခွန်ကင်းလွတ်ခွင့်သည် ၁-၄-၂၀၂၆ ရက်နေ့မှ ၃၀-၄-၂၀၂၆ ရက်နေ့အထိ အကောက်ခွန်ဦးစီးဌာနသို့ Import Declaration (ID) ဖွင့်လှစ်၍ တင်သွင်းသည့် ဓာတ်မြေဩဇာများအပေါ် အကျုံးဝင်မည်ဖြစ်ပါသည်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

## အကောက်ခွန်ဦးစီးဌာန၊ MACCS ဌာနခွဲ၏ ကြေညာချက်အမှတ် (၀၁၀ / ၂၀၂၆)

ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၄ ရက်

### အကောက်ခွန်ကြေညာလွှာတင်သွင်းသူများသိရှိနိုင်ပါရန်

၁။ ဒီဇယ်ဆီ (HSD-500 PPM) အား သွင်းကုန်ကြေညာလွှာဖွင့်လှစ်၍တင်သွင်းပါက ကျသင့်သော အခွန်အရပ်ရပ်နှင့် ဓာတ်မြေဩဇာအား သွင်းကုန်ကြေညာလွှာဖွင့်လှစ်၍တင်သွင်းပါက ကျသင့်သော ကြိုတင်ဝင်ငွေခွန် ၂% တို့အား ကင်းလွတ်ခွင့်ပြုမည်ဖြစ်ကြောင်း ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ အသိပေးကြေညာခဲ့ပါသည်။

၂။ ဒီဇယ်ဆီ (HSD-500 PPM) တင်သွင်းမှုနှင့်ပတ်သက်၍ Declarant များမှ ကြေညာလွှာတင်သွင်းရာတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ အခွန်ကင်းလွတ်ခွင့်ပြုသည့် Exemption Code – EMFD (CD), EMFS (SGT), EMFT (CT), EMFA (AT) များအား အသုံးပြုနိုင်ပါသည်။

၃။ ဓာတ်မြေဩဇာတင်သွင်းမှုနှင့်ပတ်သက်၍ Declarant များမှ ကြေညာလွှာတင်သွင်းရာတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ ကြိုတင်ဝင်ငွေခွန် ၂% ကင်းလွတ်ခွင့်ပြုသည့် Exemption Code – EMFA (AT) အား အသုံးပြုနိုင်ပါသည်။

၄။ သို့ဖြစ်ပါ၍ ဒီဇယ်ဆီ (HSD-500 PPM) နှင့် ဓာတ်မြေဩဇာတင်သွင်းရာတွင် အထက်ဖော်ပြပါ Exemption Code များကို သွင်းကုန်ကြေညာလွှာတင်သွင်းရာ၌ အသုံးပြု၍ အခွန်ကင်းလွတ်ခွင့်ရယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

အကောက်ခွန်ဦးစီးဌာန